# MYANMAR: Cyclone Mocha

Flash Update #8

*As of 14:00 19 May 2023*

# အဓိကအချက်များ

- မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်း မိုခါ မုန်တိုင်းဒဏ်ခံရသူများအား လူသားချင်းစာနာမှု အကူအညီများ စတင်ပေးနေပြီဖြစ်သည်။ ရပ်ရွာအသိုင်းအဝိုင်းများအနေဖြင့် မုတ်သုံရာသီမတိုင်မီ မိမိတို့၏လူနေမှုဘဝနှင့် နေအိမ်များကို ပြန်လည်တည်ဆောက်ရန် အားထုတ်နေကြရပါသည်။
- တနင်္ဂနွေနေ့တွင် ဆိုင်ကလုန်း မိုခါသည် စစ်တွေနှင့် ရသေ့တောင် အပါအဝင် ရခိုင်ပြည်နယ်ရှိ ကမ်းရိုးတန်းဒေသများကို ဖျက်စီးခဲ့ပြီး ကုန်းတွင်းပိုင်းသို့ မဝင်ရောက်မီ နေအိမ်များ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်စေခဲ့သည်။
- ဆိုင်ကလုန်းမုန်တိုင်းအပြီးတွင် ထိခိုက်လွယ်သူများသည် ကယ်ဆယ်ရေးစခန်းများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဆက်လက်ခိုလှုံနေကြရသည်။
- လွန်ခဲ့သည့် နှစ်ရက်အတွင်း WFP မှ ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေရှိ ဆိုင်ကလုန်း ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေသူများနှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူ ၆၀၀၀ ခန့်ကို အရေးပေါ် စားနပ်ရိက္ခာ အကူအညီများ ပေးအပ်ခဲ့ပါသည်။အမိုးအကာ အထောက်အပံ့ကိုလည်း လိုအပ်နေသော ရပ်ရွာအသိုင်းအဝိုင်းများထံ ပေးအပ်ခဲ့ပြီး ရွေ့လျားကျန်းမာရေးအဖွဲ့များသည် ပြည်သူများကို ကွင်းဆင်းကုသပေးလျက်ရှိသည်။
- လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများသည် ၎င်းတို့သွား ရောက်နိုင်သည့် ဒေသများတွင် ဆိုင်ကလုန်း မုန်တိုင်း၏ အလုံးစုံသက်ရောက်မှုကို တိုင်းတာရန် လုပ်ဆောင်နေကြ ပါသည်။ ကျန်မိတ်ဖက်အဖွဲ့ အစည်းများ အနေဖြင့်လည်း လေ့လာတွေ့ရှိထားသည့် လိုအပ်ချက်များအပေါ်အခြေခံ၍ ပိုမိုကျယ်ပြန့်သောအကူအညီဖြန့်ဝေမှုများလုပ်ဆောင်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းကွင်းဆင်ခရီးစဉ်များအတွက် ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းနေကြပါသည်။ လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့အစည်းများသည် ၎င်းတို့သွားရောက်နိုင်သည့်ဒေသများတွင် ဆိုင်ကလုန်း မုန်တိုင်း၏ အလုံးစုံသက်ရောက်မှုကို တိုင်းတာရန် လုပ်ဆောင်နေကြပါသည်။ ကျန်မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့်လည်း လေ့လာတွေ့ရှိထားသည့် လိုအပ်ချက်များအပေါ်အခြေခံ၍ ပိုမိုကျယ်ပြန့်သောအကူအညီဖြန့်ဝေမှုများလုပ်ဆောင်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းကွင်းဆင်ခရီးစဉ်များအတွက် ခွင့်ပြုချက်ရရှိ ရန် စောင့်ဆိုင်းနေကြပါသည်။



*ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကူတောင်ကျေးရွာတွင်ဆိုင်ကလုန်းမုန်တိုင်း ဒဏ်ခံခဲ့ရသော နေအိမ်ကို ပြုပြင်နေသည့် အမျိုးသားတစ်ဦး။ ဓာတ်ပုံ-OCHA*

- မုတ်သုံရာသီနီးချိန်တွင် ပျက်စီးနေသည့် နေအိမ်များနှင့် အမိုးအကာများ ပြန်လည်တည်ဆောက်ရန် ကြိုးစားနေသူ များ အနေဖြင့် မရှိမဖြစ်လိုအပ်သောပစ္စည်းများ၊ အထူးသဖြင့် အမိုးအကာပစ္စည်းများ ရှားပါးလာမှုနှင့် ဈေးနှုန်းများ မြင့်တက် လာမှုတို့ကဲ့သို့ အဓိက အခက်အခဲများကို ရင်ဆိုင်နေရသည်။
- အချို့နေရာများတွင် လောင်စာဆီများ ရောက်ရှိလာသော် လည်း ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် ရေသန့်စင်ခြင်းစသော အရေးကြီးသည့်ဝန်ဆောင်မှုများ ပြတ်လပ်မှု ရှိနေသည်။

The mission of the United Nations Office for the Coordination of Humanitarian Affairs (OCHA) is to coordinate the global emergency response to save lives and protect people in humanitarian crises. We advocate for effective and principled humanitarian action by all, for all.

- ရေလွှမ်းမိုးခြင်းခံရသည့် ဒေသများတွင် ရေမှတဆင့် ကူးစက်ပြန့်ပွားသည့်ရောဂါများ နှင့် မြေပြုပ်မိုင်းကြောင့် သေဆုံးရမှုများမှ ကာကွယ်ရေးအတွက် အသိပညာပေး သတင်းစကားများ ဖြန့်ဝေပေးလျက်ရှိသည်။
- ဆိုင်ကလုံး မိုခါကြောင့် ဖြစ်ပေါ်လာသည့် အရေးကြီးသောလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အရေးပေါ်ရန်ပုံငွေ လိုအပ်ပါသည်။ လက်ရှိတွင် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဥ်ပါ အမေရိကန်ဒေါ်လာ ၇၆၄ သန်း(US$764 million Humanitarian Response Plan-HRP) မှ ရန်ပုံငွေ ၁၀ ရာခိုင်နှုန်းသာ ရရှိထားပါသည်။
- မြန်မာနိုင်ငံရှိ ဆိုင်ကလုန်း မိုခါတုံ့ပြန်ရေးလုပ်ငန်းများကို ပံ့ပိုးရန် ဗဟို အရေးပေါ် တုံ့ပြန်ရေး ရန်ပုံငွေ (CERF) မှ ဒေါ်လာ ၁၀ သန်းကို ခွဲဝေချထားပေးရန် အရေးပေါ် ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးက မေလ (၁၈) ရက်နေ့တွင် အတည်ပြုခဲ့သည်။

## အခြေအနေသုံးသပ်ချက်

ဆိုင်ကလုန်း မိုခါသည် မြန်မာနိုင်ငံ အနောက်ဘက်ခြမ်းကို ဝင်ရောက်တိုက်ခတ်ပြီး ၅ ရက်ကြာမြင့်ခဲ့ပြီး ဖြစ်သည်။ ဆိုင်ကလုန်း မိုခါကြောင့် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ဒေသ တစ်ဝန်းရှိ လူသန်းပေါင်းများစွာကို သိသိသာသာ ထိခိုက်စေခဲ့သည်။ ရာသီဥတုစနစ် ကုန်းတွင်းပိုင်းသို့ ရွေ့လျားလာသဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသအချို့တွင် ဆိုင်ကလုံးနှင့် ဆက်စပ်၍ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများလည်း ကြုံတွေ့ခဲ့ရသည်။ ဘေးဒဏ် ခံစားခဲ့ရသောမြို့နယ်များတွင် လျှပ်စစ်နှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုများသည် တည်ငြိမ်စိတ်ချရမှု မရှိသေးပေ။

ထိခိုက်လွယ်သူများဖြစ်သော အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများအပါအဝင် ယခင်က နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုမကြုံဖူးသောသူ အများစုမှာ ဆိုင်ကလုန်းမုန်တိုင်းကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပြီးနောက် ကယ်ဆယ်ရေးစခန်းများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ခိုလှုံနေကြရသည်။ နေအိမ်သို့ပြန်လာသူများသည် ၎င်းတို့၏ ပျက်စီးနေသော အိမ်များကို အကန့်အသတ်ဖြင့်ရရှိသော အရင်းအမြစ်များဖြင့်ပြန်လည်တည်ဆောက်ရေးဟူသည့် အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ အချို့သော ဈေးများ ပြန်ဖွင့်သော်လည်း တာပေါ်လင်၊ အလူမီနီယမ်ချပ်များနှင့် သံများကဲ့သို့ အခြေခံအမိုးအကာပစ္စည်းများ၏ ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် တိုင်းပြည်၏ ဆင်းရဲနွမ်းပါးလွန်းသော ဤနေရာဒေသများရှိ လူအများစုသည် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေကြေးတတ်နိုင်ခြင်းမရှိပါ။ ဥပမာအားဖြင့် ဆိုင်ကလုန်းမဖြစ်ပွားမီကာလနှင့် ယှဥ်ပါက တာပေါ်လင်တစ်ချပ်၏ ကုန်ကျစရိတ်သည် နှစ်ဆကျော်တက်လာပြီး ဆိုင်ကလုန်းမဖြစ်ပွားမီ ၄၀,၀၀၀ ကျပ် (၁၉ ဒေါ်လာ) ရှိရာမှ ယခု ၉၇,၀၀၀ ကျပ် (၄၆ ဒေါ်လာ) သို့ တိုးမြင့်လာသည်။ အစားအစာကုန်ကျစရိတ်များလည်း တိုးလာပြီး ဥပမာအားဖြင့် ဆိုင်ကလုန်းမုန်တိုင်းမတိုက်မီ ဆန်တစ်အိတ်လျှင် ၈၀,၀၀၀ ကျပ် (၃၈ ဒေါ်လာ) မှ ၁၂၀,၀၀၀ ကျပ် (၅၇ ဒေါ်လာ) အထိ မြင့်တက်လာခဲ့သည်။ ယင်းကဲ့သို့ ဈေးနှုန်း ထိုးတက်ခြင်းကို မိသားစုအများစုအနေဖြင့် ခံနိုင်ရည် ရှိမည် မဟုတ်ပေ။

လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ယခင်က သွားရောက်ခွင့်ရခဲ့သည့် မြို့နယ်များ သို့မဟုတ် ယခု အသစ် သွားရောက်ခွင့်ရခဲ့သည့် မြို့နယ်များမှ ကွင်းဆင်းလေ့လာတွေ့ရှိချက်များအပေါ် အခြေခံ၍ ပြည်သူများအား ပံ့ပိုးကူညီမှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။ မေလ ၁၈ ရက်နေ့တွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) အနေဖြင့် စစ်တွေ၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ရသေ့တောင်၊ မင်းပြား၊ မြေပုံနှင့် မြောက်ဦး ၈ မြို့နယ်တွင် အရေးပေါ်စားနပ်ရိက္ခာဝေငှရန် ခွင့်ပြုချက်ရရှိခဲ့ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွက်လည်း အကူအညီပေးရန် ခွင့်ပြုချက်ရရှိခဲ့သည်။ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဘေးဒဏ်ခံစားရသောရပ်ရွာများအနက် ၎င်းတို့ယခင်ရှိရင်းစွဲလုပ်ငန်းများရှိခဲ့ရာ နေရာများတွင်လည်းကောင်း၊ ရွှေ့လျားကျန်းမာရေးအဖွဲ့များဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့ရာ နေရာများတွင်လည်းကောင်း အမိုးအကာအကူအညီအချို့ကို ဖြန့်ဝေနိုင်ခဲ့ကြသည်။ လူသားချင်းစာနာမှု ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် မြေပြင်အခြေအနေများအပေါ် လေ့လာတွေ့ရှိချက်များကို အခြေခံ၍ ပိုမိုကျယ်ပြန့်သောအကူအညီများဖြန့်ဝေရန် ပေါင်းစပ်ညှိနှိုင်းကွင်းဆင်းဆောင်ရွက်နိုင်ရေးအတွက် သွားရောက်ခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိပါသည်။

မကြာသေးမီရက်များအတွင်းက ကနဦး လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများကို ရန်ကုန်မှ စစ်တွေမြို့နယ်သို့ ကုန်တင်ကားများဖြင့် ပို့ဆောင်ခဲ့ပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ခွင့်ပြုချက် စောင့်ဆိုင်းနေရသည့် ကယ်ဆယ်ရေးပစ္စည်းများကို ပြည်တွင်း၊ ပြည်ပမှ ထိခိုက်မှုခံရသည့် ဇုန်နေရာသို့ ပေးပို့နိုင်မည့် နည်းလမ်းအမျိုးမျိုးကို ရှာဖွေနေပါသည်။ ထို့အပြင် မေလ ၁၈ ရက်က စစ်တွေမြို့သို့ စက်သုံးဆီများ ရောက်ရှိခဲ့ပြီး ဆီဆိုင်များသို့ ဖြန့်ဝေခဲ့သည်။ မေလ ၁၉ ရက်နေ့တွင် ဓာတ်ဆီဆိုင်များ

လုပ်ငန်းလည်ပတ်လျက်ရှိပြီး စက်သုံးဆီဈေးနှုန်းမှာ ၂၇၀၀ ကျပ် (၁ ဒေါ်လာကျော်) မှ ၂,၂၀၀ ကျပ် (၁ ဒေါ်လာ) သို့ ကျဆင်းသွားခဲ့သည်။ သို့သော် အထူးသဖြင့် ကျန်းမာရေး အဆောက်အအုံများနှင့် ရေသန့်စင်ခြင်းကဲ့သို့သော မရှိမဖြစ်လိုအပ်သော ပြည်သူ့ဝန်ဆောင်မှုများအတွက် လောင်စာဆီ လိုအပ်နေဆဲဖြစ်သည်။ အခြားအရေးကြီးသော လိုအပ်ချက်များတွင် အမိုးအကာ၊ စားနပ်ရိက္ခာအကူအညီ၊ ဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ ပါဝင်နေပါသည်။

ရေကြီးမှုဒဏ်ခံစားရသောဒေသများတွင် ရေမှတစ်ဆင့်ကူးစက်ရောဂါပျံ့နှံ့မှု၊ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် မြေမြှုပ်မိုင်းများ ရွှေ့လျားမှုတို့နှင့် ပတ်သက်၍ စိုးရိမ်မှုများ ဆက်လက်ရှိနေပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် အဆိုပါစိုးရိမ်မှုများနှင့်စပ်လျဉ်း၍ ဒေသန္တရဘာသာစကားများဖြင့် အသိပညာပေး သတင်းစကားများကို ကြိုတင်ပြုစုခဲ့ကြသည်။ အသိပညာမြှင့်တင်ရန်နှင့် ဘေးကင်းရန် သတိပေးချက်များ ပျံ့နှံ့စေရေးအတွက် ဤဒေသများရှိ ဘေးဒဏ်ခံစားရသော ရပ်ရွာအသိုင်းအဝိုင်းများအကြား အဆိုပါ သတင်းစကားများကို ဖြန့်ဝေလျက်ရှိသည်။



မုန်တိုင်းဒဏ်ခံစားရသော ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ဓာတ်ဆီဆိုင်တစ်ခုတွင် မော်တော်ကားများနှင့် *သုံးဘီးဆိုင်ကယ်များ* တန်းစီနေစဥ်။ ဓာတ်ပုံ - *OCHA*

ရခိုင်တွင်

- လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် တတ်နိုင်သမျှ နေရာတိုင်းတွင် ၎င်းတို့၏ တုံ့ပြန်မှုများကို ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရသူများအတွက် ဆက်လက် ပြောင်းလဲဦးတည်ဆောင်ရွက်ပေးနေပါသည်။
- ယခုအချိန်အထိ IDP နှင့် ဆိုင်ကလုန်းကယ်ဆယ်ရေးစခန်းများရှိ ပြည်သူ (၆၀၀၀) ခန့် ကို WFP အရေးပေါ်စားနပ်ရိက္ခာအကူအညီဖြင့် ကူညီပေးလျက်ရှိသည်။ IDP စခန်းများနှင့် အခြားဦးစားပေး ဘေးဒဏ်ခံစားရသောဒေသများတွင် လာမည့်ရက်များအတွင်း အကူအညီဖြန့်ဝေမှုများ သိသိသာသာ တိုးမြှင့်သွားရန် နောက်ထပ် အစီအစဉ်များ ရှိပါသည်။ ဆိုင်ကလုန်းအလွန် ကာလ စားနပ်ရိက္ခာမလုံလောက်ခြင်း၏ အတိမ်အနက်ကို တိုင်းတာရန် အကူအညီဖြန့်ဝေမှုများနှင့် အပြိုင် အကဲဖြတ်မှုများ လုပ်ဆောင်နေပါသည်။
- အိမ်ထောင်စု (၁၅၀၀) နီးပါးကို NFI အကူအညီပေးအပ်ထားပြီး၊ မြို့နယ် (၅) ခုရှိ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများ၏ စခန်းများတွင် အမိုးအကာများ အကူအညီ ပေးထားပါသည်။
- ရခိုင်ပြည်နယ် စစ်တွေမြို့တွင် မုန်တိုင်းတိုက်ခတ်ပြီးစဥ်ကတည်းက နေအိမ်များ လုံးဝပျက်စီးသွားသဖြင့် ဘုန်းကြီးကျောင်း (၆) ကျောင်းတွင် ခိုလှုံနေရသူ (၆၀၀) ခန့် ရှိပါသည်။
- စစ်တွေမြို့နယ်ရှိ ဘာသရာစခန်း (Basara Camp) တွင် IDP (၂၅၃၀) ခန့် နေထိုင်ရာ ခြေတံရှည်အိမ် (၅၂) လုံး အနက် (၃) လုံး ပျက်စီးခဲ့ပြီး ကျန်အိမ်များမှာ ထိခိုက်မှုရှိခဲ့ကြောင်း စခန်းစီမံခန့်ခွဲမှု ကော်မတီ (CMC) မှ သိရသည်။ အဆိုပါ IDP အများစုကို

ဆိုင်ကလုန်းမုန်တိုင်းမကျရောက်မီ အနီးရှိ နည်းပညာအထက်တန်းကျောင်းသို့ ရွှေ့ပြောင်းထားခဲ့သဖြင့် သေဆုံးခြင်း၊ ဒဏ်ရာကြီးကြီးမားမားရရှိခြင်း မရှိပါ။ သို့သော် ၎င်းတို့၏ ရိက္ခာများကိုမူ ဆုံးရှုံးခဲ့ရသည်။ ၎င်းတို့၏ အရေးတကြီး လိုအပ်ချက်များတွင် အစားအစာ၊ အမိုးအကာ ပစ္စည်းများ၊ ဆေးဝါးများနှင့် သေးငယ်သော ဒဏ်ရာများကို ကုသပေးနိုင်မည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပါဝင်သည်။ မေးခိုင်ကာကွယ်ဆေးများလည်း လိုအပ်လျက်ရှိပါသည်။

- ကနဦးကွင်းဆင်းလေ့လာချက်များအရ စစ်တွေမြို့နယ်နှင့် နှိုင်းယှဉ်ပါက ပေါက်တောမြို့နယ်တွင် ပျက်စီးမှုနည်းပါးကြောင်း သိရသည်။ နေအိမ်အများစု ထိခိုက်ပျက်စီးခဲ့သည့် ဆင်တက်မော်ကျေးရွာနှင့် ဆင်တက်မော် ရိုဟင်ဂျာ IDP စခန်းအနီးရှိ နေရာတို့တွင် ထိခိုက်မှုအများဆုံးကို တွေ့ရှိခဲ့ကြရပါသည်။
    - IDP ၅၁၅၇ ဦးရှိသော ငှက်ချောင်း-၁ (Nget Chaung-1) ရိုဟင်ဂျာ IDP စခန်းတွင် အိမ်ခြေ (၁၁၃၆) လုံးအနက် အလုံး (၄၀) ပျက်စီးခဲ့ပြီး အိမ်ခြေ (၄၀) ရာခိုင်နှုန်းခန့် ပျက်စီးခဲ့သည်။ ယင်လုံအိမ်သာ (၈၀) ရာခိုင်နှုန်း ပျက်စီးခဲ့ပြီး တိရစ္ဆာန်များ သေဆုံးခဲ့ကြောင်း စခန်းခေါင်းဆောင်တစ်ဦးထံမှ သိရသည်။ ဆိုင်ကလုန်းမုန်တိုင်းကာလအတွင်း ပင်မရေကန်မှ ရေပေးဝေမှု ပြတ်တောက်ခဲ့ပြီး ရေစုပ်စက်များအတွက် လောင်စာဆီများ ခိုးယူခံခဲ့ရသည်။ လက်ရှိတွင် IDP များသည် ဆိုင်ကလုန်းမုန်တိုင်းမှ မိုးရေများဖြင့် ပြည့်နေသည့် အခြားရေကန်တစ်ကန်မှ ရေကို အသုံးပြုနေရပြီး ယင်းမှာ တစ်ပတ်တာ ခံနိုင်မည်ဟု ခန့်မှန်းထားသည်။ လတ်တလောလိုအပ်ချက်များတွင် အစားအစာ၊ ရေ၊ တစ်ကိုယ်ရေ သန့်ရှင်းမှုအသုံးအဆောင်များ၊ အမိုးအကာပစ္စည်းများနှင့် အခြားကယ်ဆယ်ရေးပစ္စည်းများ ပါဝင်ပါသည်။
    - ရိုဟင်ဂျာ IDP (၅၂၈၈) ဦး နေထိုင်သည့် ငှက်ချောင်း-၂ (Nget Chaung-2)IDP စခန်းတွင် သီးခြားအိမ်ခြေ (၂၀) မှ (၃၀) ရာခိုင်နှုန်းခန့် ပျက်စီးခဲ့ပြီး ခြေတံရှည်အိမ်များ ထိခိုက်ခဲ့သည်။ လူသေဆုံးမှုမရှိကြောင်းနှင့် IDP အများစုသည် ဆိုင်ကလုန်းမုန်တိုင်းမကျရောက်မီ စစ်တွေမြို့နှင့် အခြားကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်စဥ်အတွင်း အမျိုးသား (၅၀၀) ခန့် စခန်းတွင် ကျန်ရှိနေခဲ့သည်။ လက်ရှိတွင် ရပ်ရွာအတွင်းရှိ ရေကန် (၆) ကန်အနက် (၅) ကန်မှာ ညစ်ညမ်းနေသောကြောင့် IDP များအနေဖြင့် သောက်သုံးရေအတွက် မိုးရေကို အသုံးပြုနေကြပါသည်။ အိမ်သာ တစ်ဝက်ခန့် ပျက်စီးခဲ့သည်။ ထို့အပြင် ငါးဖမ်းလှေ (၂၀၀) အနက် (၆၀) ခန့် ထိခိုက်ခဲ့ပြီး စခန်းရှိ ယာယီသင်ကြားရေးစင်တာ (၈) ခုအနက် (၄) ခုလည်း ထိခိုက်ခဲ့သည်။ လက်ရှိတွင် IDP များအနေဖြင့် စစ်တွေမြို့ သဲချောင်းဈေးသို့ သွားရောက်နိုင်ပါသည်။ စခန်းခေါင်းဆောင်၏ ပြောကြားချက်အရ အရေးပေါ် လိုအပ်ချက်များတွင် အစားအစာနှင့် ရေ ဖြစ်သည်။

**အနောက်မြောက်**

- စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရသော ရပ်ရွာအသိုင်းအဝိုင်းများ၌ ထိခိုက်လွယ်မှုများ မြင့်တက်လာခြင်းနှင့် ကြုံတွေ့နေရပြီး ဆက်လက်ဖြစ်ပွားနေသောပဋိပက္ခများနှင့် တစ်ဆင့်နေရပ်စွန့်ခွာတိမ်းရှောင်ရမှုများ ကြောင့် အခြေအနေပိုမိုဆိုးရွားလာနေသည်ဟု ကနဦး ကွင်းဆင်းလေ့လာချက်များအရ သိရသည်။
- ပဋိပက္ခဒဏ်ခံစားနေရသော ဒေသများတွင် ဆိုင်ကလုန်းနှင့် နောက်ဆက်တွဲ ရေကြီးမှုများကြောင့် ၎င်းတို့၏ မှီခိုရာနေရာများ၊ လယ်မြေများနှင့် စိုက်ခင်းများ ဆုံးရှုံးခဲ့ကြောင်း ဒေသခံများက တင်ပြကြသည်။ လတ်တလော လိုအပ်ချက်များတွင် ရေနှင့် သန့်ရှင်းရေး ပံ့ပိုးမှု၊ အစားအစာ၊ ကျန်းမာရေး ဝန်ဆောင်မှုများနှင့် စိတ္တလူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှုတို့ ပါဝင်သည်။
- ပြတ်တောက်နေသည့် တယ်လီဖုန်းဆက်သွယ်ရေးများ၊ သွားလာခွင့်အပေါ် ကန့်သတ်ချက်များ၊ လမ်းပိတ်ဆို့မှုများ၊ ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများနှင့် ရန်ပုံငွေနည်းပါးမှုတို့က အနောက်မြောက်ဒေသတစ်လျှောက်၏ အခြေအနေကို ရှင်းရှင်းလင်းလင်း သိမြင်နိုင်ရန် ကြိုးပမ်းနေသော လူသားချင်းစာနာမှုဆိုင်ရာလုပ်သားများအတွက် သိသာထင်ရှားသောစိန်ခေါ်မှုများ ဖန်တီးပေးနေသည်။

ရှမ်းမြောက်

- ကွတ်ခိုင်၊ ကျောက်မဲ၊ မန်တုံ၊ မူဆယ်နှင့် နမ့်ဆန်မြို့နယ်များတွင် ဆိုင်ကလုံးမိုခါ၏ နောက်ဆက်တွဲအဖြစ် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၁၄၀ ခန့် ပျက်စီးခဲ့ကြောင်း မိတ်ဖက်အဖွဲ့အစည်းများက အစီရင်ခံထားသည်။ ဘေးဒဏ်ခံစားရသော မိသားစုများက အမိုးအကာ၊ စားနပ်ရိက္ခာ၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် dignity kit များ

အရေးပေါ်လိုအပ်နေကြောင်း ဖော်ပြခဲ့သည်။ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် တစ်ပတ်စာ စားနပ်ရိက္ခာအတွက် ငွေသားအကူအညီဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိပြီး လိုအပ်သော အမိုးအကာပစ္စည်းများကိုလည်း ပံ့ပိုးပေးလျက်ရှိပါသည်။

# ပေါင်းစပ်ညှိနှိုင်းမှု

အရေးပေါ်ကိစ္စရပ်များနှင့် လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အစုအဖွဲ့အားလုံးအကြား ညှိနှိုင်းမှုရှိသော တုံ့ပြန်မှုများ ဆောင်ရွက်နိုင်စေရန် ပေါင်းစပ်ညှိနှိုင်းမှုအစည်းအဝေးများကို အဆင့်အသီးသီးတွင် ဆက်လက်ကျင်းပလျက် ရှိပါသည်။

လူသားချင်းစာနာမှုအသိုင်းအဝိုင်းသည် အထူးသဖြင့် ရခိုင်၊ ချင်း၊ စစ်ကိုင်း၊ မကွေးနှင့် ကချင်တို့ရှိ ထိခိုက်မှုအရှိဆုံးအသိုင်းအဝိုင်းများသို့ အရေးကြီးသောအကူအညီများပေးအပ်နိုင်ရန်အလို့ငှာ ပင်မရင်းမြစ်အသီးသီးမှ ရှိနေသည့်အရင်းအမြစ်များကို လမ်းကြောင်းဖော်ဆောင် ချိတ်ဆက်ပေးလျက်ရှိသည်။ သို့သော်လည်း ၂၀၂၃ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ် (HRP) ၏ လိုအပ်သောရန်ပုံငွေ (၁၀) ရာခိုင်နှုန်းအောက်သာရရှိထားကြောင်းကို အသားပေးဖော်ပြရန် အရေးကြီးပြီး လိုအပ်သော အတိုင်းအတာအထိ အကူအညီများ ပေးနိုင်ရန်အတွက် ရန်ပုံငွေ အမြောက်အမြား ထပ်မံလိုအပ်လျက်ရှိပါသည်။ မေလ ၁၈ ရက်နေ့တွင် အရေးပေါ် ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးက မြန်မာနိုင်ငံတွင် ဆိုင်ကလုန်း မုန်တိုင်းဒဏ်ကို တုံ့ပြန်ရန် ဗဟို အရေးပေါ် ကယ်ဆယ်ရေး ရန်ပုံငွေ (CERF)မှ ဒေါ်လာ (၁၀) သန်းကို ခွဲဝေပေးရန် အလျင်အမြန် အတည်ပြုခဲ့သည်။

လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို ဘေးဒဏ်ခံပြည်သူများမှ အကန့်အသတ်မရှိ ရယူနိုင်ရန် လွန်စွာအရေးကြီးပါသည်။ ဆိုင်ကလုန်း တုံ့ပြန်ရေး အကူအညီ ဖြန့်ဝေမှုများအတွက် ခရီးသွားလာခွင့်ပြုချက်ရယူခြင်း လုပ်ငန်းစဉ်သည် ရှင်းလင်း လွယ်ကူမှုရှိရန် လိုအပ်ပါသည်။ ဘဏ်လုပ်ငန်းကန့်သတ်ချက်များကို ဖြေလျှော့ရန်နှင့် မရှိမဖြစ်လိုအပ်သော ထောက်ပံ့မှုများအတွက် အကောက်ခွန်ရှင်းလင်းမှုကို မြန်ဆန်စွာဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ ယုံကြည်စိတ်ချရသော ဆက်သွယ်ရေး ချိတ်ဆက်မှု ထားရှိခြင်းသည် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများအတွက်လည်းကောင်း၊ ရပ်ရွာအသိုင်းအဝိုင်းများအနေဖြင့် ၎င်းတို့၏ ဘဝများကို ပြန်လည်တည်ဆောက်နိုင်ရန် ပံ့ပိုးကူညီရာတွင်လည်းကောင်း အရေးကြီးပါသည်။

ဤအချက်အလက်များသည် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဒေသတွင်းသတင်းရင်းမြစ်များမှ ရရှိသည့်အချက်***အလက်***များအပေါ် အခြေခံထားသည်။ နောက်တစ်ကြိမ် အရေးပေါ်သတင်းအချက်အလက်ကို ၂၀၂၃ မေ ၂၁ တွင် ထုတ်ပြန်မည်ဖြစ်ပါသည်။


For further information, please contact:
**Danielle Parry,** Officer in Charge, parryd@un.org, +95 9797002713 (Phone/Signal)
**Suhad Sakalla,** Humanitarian Affairs Officer, sakalla@un.org, +95 9797007815, +972 054433 4202 (Signal/WhatsApp)
**Lesly Lotha**, Communication Specialist, lesly.lotha@un.org, +959 796139223 (Phone/Signal)
For more information, please visit *www.unocha.org* | https://reliefweb.int/country/mmr | https://www.facebook.com/OCHAMyanmar

OCHA

# MYANMAR

## Population Density and Type of Housing in Cyclone-Affected Areas

*As of 19 May 2023*




*Type of house that is partially made of permanent materials such as brick or concrete, but also includes temporary materials such as bamboo or thatch.

*The boundaries and names shown and the designations used on this map do not imply official endorsement or acceptance by the United Nations.*

Creation date: 19 May 2023 Sources: JTWC, Census 2014. Feedback: ochamyanmar@un.org www.unocha.org www.reliefweb.int